ကလေး၊ လူငယ်စာစဉ်

ဗိုလ်ချုပ်အောင်ဆန်း၏ ယုံကြည်အားထားမှုခံရသည့်



မြန်မာ့သူရဲကောင်း တပ်မှူး

# ဗိုလ်မှူးကြီးဗထူး

မောင်ခေတ်ထွန်း

# ဗိုလ်ချုပ်အောင်ဆန်း၏ ယုံကြည်အားထားမှုခံရသည့်
# မြန်မာ့သူရဲကောင်း တပ်မှူးဗိုလ်မှူးကြီး ဗထူး(က)

မြန်မာပြည်သည် ဖက်ဆစ်ဂျပန်လက်အောက်၌ အလူးအလဲခံနေရစဉ် ဖက်ဆစ်ဂျပန်တို့ အား ရွပ်ရွပ်ချွံချွံ သတ္တိရှိရှိ တော်လှန်တိုက်ခိုက်သည့် ခေါင်းဆောင်များ ထဲတွင် ဗိုလ်မှူးကြီးဗထူးသည် တစ်ဦးအပါအဝင်ဖြစ်သည် ။ ဖက်ဆစ်ဂျပန်များကို ဗမာ့ တပ်မတော်က လက်ဦးမှုအရယူ၍ ပထမဆုံးတော်လှန်ရေး တိုက်ခိုက်ခြေမှုန်းခဲ့သော မြန်မာ့ သူရဲကောင်း တပ်မှူးကြီးဖြစ်ကာ ဗိုလ်ချုပ်အောင်ဆန်း၏ ညာလက်ရုံးတစ်ဦးလည်း ဖြစ်သည် ။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဗိုလ်မှူးကြီးဗထူးကို ယုံကြည်ကိုးစား အထူးအားထားခဲ့သည် ။ တော်လှန်ရေး အရေးတော်ပုံတွင် ဗိုလ်မှူးကြီးဗထူးအား အထက်ဗမာပြည် တစ်ခုလုံးကို တာဝန်ယူစေခဲ့သည် ။

ဗိုလ်မှူးကြီးဗထူး ကြုံတွေ့ခဲ့ရသော အခက်အခဲ၊ ရင်ဆိုင်ခဲ့ရသော အခြေအနေ၊ ချို့တဲ့ သော ပစ္စည်း၊ လူအင်အားတို့ သည် သာမန်ခေါင်းဆောင်တို့ အတွက် စိတ်ပျက်အားလျော့ နိုင်သော်လည်း ဗိုလ်မှူးကြီးဗထူးသည် ထိုအခက်အခဲများကို ခေါင်းဆောင်ပီသစွာ ကျော်လွှားဖြေရှင်းနိုင်ခဲ့သည် ။

ဗိုလ်မှူးကြီးဗထူး၏ ထူးကဲသည့် အရည်အချင်းမှာ မိမိလက်အောက်ရဲဘော်များအား စနစ်တကျ စုစည်းနိုင်ကာ အစဉ်အမြဲ စိတ်ဓာတ်ရှင်သ

န်တတ်ကြွစေရန် ကွပ်ကဲအုပ်ချုပ်နိုင်ခြင်းပင် ဖြစ်သည် ။ ဗိုလ်မှူးကြီးဗ ထူးသည် တပ်မတော်သား ရဲဘော်ရဲဘက် လက်အောက်ငယ်သားများ အပေါ်တွင် အလွန်ပင် စောင့်ရှောက်ကူညီတတ်ပြီး သက်ညှာစွာဖြင့် အေးအတူ ပူအမျှ ဆိုးတူကောင်းဘက် အုပ်ချုပ်ဆက်ဆံတတ်ရာ တပ်မ တော်သားရဲဘော်ရဲဘက်များက သူ့ကို များ စွာ ချစ်ခင် ကြည်ညို လေး စားကြလေသည် ။

ဗိုလ်မှူးကြီးဗထူးသည် ဗမာ့လွတ်လပ်ရေး တပ်မတော်တွင် အမှုထ မ်းခဲ့ရာ တပ်ကြပ်ကလေးဘဝမှ ဗိုလ်ကြီးအဆင့်၊ ဗမာ့ကာကွယ်ရေးတပ် မတော်တွင် ဗိုလ်ကြီးအဆင့်(တပ်မှူး)၊ ဗမာ့တပ်မတော်တွင် ဗိုလ်မှူးအ ဆင့်( တပ်ရင်မှူး)၊ အနောက်မြောက်တိုင်းမှူး၊ ပြည်သူ့လွတ်လပ်ရေးတ ပ်မတော် (မျိုးချစ်ဗမာ့ တပ်မတော်)တွင် ဗိုလ်မှူးကြီးအဆင့် (အထက်ဗ မာ့ ပြည်တိုင်းမှူး) စသည့်ဖြင့် အဆင့်ဆင့် ရာထူးတတ် ချီးမြှောက်ခံ ရ သူဖြစ်သည် ။

ဗိုလ်မှူး ကြီးဗထူးသည် တောသူလယ်သမားလူတန်စားမှ ပေါက်ဖွားလာသူ ဖြစ်သည် ။ သူသည် ထားဝယ်ခရိုင်၊ လောင်းလုံမြို့န ယ်၊ လေသွန်းခံကျေးရွာမှ မြေပိုင်ရှင် ဦးဘိုး ထွန်း၊ ဒေါ်စိန်မြရင်တို့ ၏ သားထွေးဖြစ်သည် ။ ဗိုလ်မှူးကြီး ဗထူးသည် ငယ်စဉ်ကတည်းကပင် မျိုးချစ်စိတ်ဓာတ် ထက်သန်ခဲ့သူဖြစ်သည် ။ အလုပ်သမား၊ လယ်သမား လူတန်းစားမှ ဆင်းသက်လာ သူဖြစ်၍ ဘဝအသိနှင့် ပြည့်စုံသူဖြစ်သည် ။ ဟိန်းဒါးမိုင်း၌ မိမိနှင့် ဘဝတူ အလုပ်သမားများ ဘဝ၏ နစ်နာမှုများ ကို ကြုံတွေ့ရကာ နယ်ချဲ့အရင်းရှင်တို့ ၏ ကုပ်သွေးစုပ်မှုကို နာကျင်ခံပြ င်းခဲ့သည် ။ နယ်ချဲ့တို့ အား တော်လှန် တိုက်ခိုက်ရမည်ကို သိရှိခဲ့ရသည် ။ ဟိန်းဒါး မိုင်းသတ္တုတွင်း အလုပ်သမား အစည်းအရုံးကို စတင် တည် ထောင်သည့်အခါ သူသည် နိုင်ငံရေး လှုပ်ရှားမှုကို စတင် လှုပ်ရှားခဲ့

တော့သည် ။ သူသည် အိမ်ထောင်သည် တစ်ဦးဖြစ်၍ သစ်ကုန်သည် အလုပ်ကို တစ်ဖက်ကလုပ်ရင်း သတ္တုတွင်း နယ်မြေ ဒေသ၌ စည်းရုံးရေးကို လုပ်ဆောင်ခဲ့လေသည် ။

၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်နေ့မှ စတင်၍ ယိုးဒယား ( ထိုင်း ) နိုင်ငံ၌ ဖွဲ့စည်းလိုက်သော ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ဗမာ့လွတ်လပ်ရေး တပ်မတော်ကြီး သည် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့မှ စတင်၍ ယိုးဒယားမှ မြန်မာ ပြည်တွင်းသို့ စစ်ကြောင်းသုံးကြောင်းဖြင့် ဝင်ရောက်လာခဲ့ပြီး ထားဝယ်သို့ ချီတက်လာသည့် ဗိုလ်မှူးကြီး လက်ျာ ဦးစီးသော ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဝိတိုရိယမှ တစ်ဆင့် ထားဝယ်ကို စတင်သိမ်းပိုက် လိုက်လေသည် ။ ထားဝယ်မှာ သခင်အစည်းအရုံး ဩဇာသက်ရောက်ရာ မြို့တစ်မြို့ဖြစ်ပြီး သခင်အောင်ဆန်းသည် ထားဝယ်ကို အလွယ်တကူ သိမ်းပိုက်နိုင်ခြင်းဖြစ်သည် ။ ဗထူးသည် မိမိ၏ ရဲဘော် ရဲဘက် သတ္တုတွင်း အလုပ်သမားများ နှင့်အတူ ဗမာ့ လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်ခဲ့ရာ ဗထူးသည် ဗိုလ်ဗလ၏ လက်အောက်တွင် တပ်ကြပ်ကလေးအဖြစ် တာဝန်ထမ်းဆောင် ရလေသည် ။

ဗထူးသည် မိဘ၊ သားမယား၊ ယောက္ခမနှင့် ဆွေမျိုးများကို ခွဲကာ ထားဝယ်မှ မော်လမြိုင်သို့ ချီတက်လိုက်ပါလာခဲ့သည် ။ ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားတပ်များ ရောက်ရှိနေကြသည် ။ မော်လမြိုင်ကို သိမ်းပြီးနောက် ဗိုလ်ဇင်ယော်တို့ တပ်တွင် လူအင်အား နည်းနေ၍ ဗထူးသည် ဗိုလ်ဇင်ယော်၏ တပ်သို့ ရောက်ရှိလာခဲ့သည် ။ မော်လမြိုင်ကို သိမ်းပိုက်ပြီးပါက မြန်မာ့လွတ်လပ်ရေး ကြေညာမည်ဟူသော ဂျပန်တို့ ၏ ကတိပြုမှု မတည်၍ ဗိုလ်ချုပ်အောင်ဆန်းသည် အလွ

န်ပင် ဒေါသထွက်နေသည် ။ ဗထူးသည် ဂျပန်နှင့် ဘီအိုင်အေတပ်တို့ မကျေမနပ်ဖြစ်၍ ဂျပန်တို့ သည် စိတ်သဘောထား မဖြောင့်မတ်ကြောင်း သတိပြုမိသွားသည် ။



၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဗိုလ်စောမောင်၊ ဗိုလ်ဇင်ယော်တို့ ဦးစီးသော ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ရွှေကျင်မြို့ကို တိုက်ခိုက်သိမ်းယူရန် ပြွန်တန်ဆာဘက်မှ ချီတက်လာခဲ့ရာ တပ်ခေါက်၍ ဆုတ်ခွာလာသော အင်္ဂလိပ်တပ်နှင့် ရင်ဆိုင်တွေ့ရပြီး တိုက်ပွဲအပြင်းအထန်ဖြစ်ပွားသည် ။ တိုက်ပွဲတွင် ဗိုလ်စောမောင်ကျဆုံးသွားခဲ့ကာ ဗိုလ်ဇင်ယော်က ဆက်လက်ကွပ်ကဲစီမံပြီး တိုက်ခိုက်သဖြင့် အင်္ဂလိပ်တပ်များ ဆုတ်ခွာထွက်ပြေးသွားကြသည် ။ ဗထူးသည် ရှေ့ဆုံးမှ ထွက်ရသော တပ်တွင် ပါဝင်ကာ ရန်ကုန်မြို့သို့ ဝင်သောအခါတွင် လည်း ရှေ့ဆုံးကဖြစ်သည် ။ ဗမာ့လွတ်လပ်ရေး တပ်မတော် ဘီအိုင်အေသည် မတ်လ ၈ ရက်နေ့တွင် ရန်ကုန်မြို့ကို အောင်မြင်စွာ သိမ်းပိုက် နိုင်ခဲ့သည် ။ ရန်ကုန်မြို့သို့ရောက်သည့်အချိန် မကြာမီတွင် တပ်ကြပ်ဗထူးသည် ဗိုလ်အဆင့်သို့ တိုးမြှင့်ခြင်းခံရသည် ။

ဂျပန်တို့ သည် မြန်မာပြည်တွင်းသို့ ဝင်ရောက်ကာ မိသည် နှင့် တစ်ပြိုင်နက် မြန်မာတို့ အား ပါးနားရိုက်ပြီး အပေါ်စီးကနေ၍ ဆက်ဆံကြသည် ။ "ကင်ပေတိုင်" ဟု ခေါ်သော ဂျပန်စစ် ပုလိပ်များကလည်း ဘုန်းကြီး၊ မယ်သီလရှင်၊ လူကြီးလူငယ်မရွေး စိတ်အခန့်မသင့်လျှင် သူလျှိုဟု စွပ်စွဲကာ ရိုက်နက်ညှဉ်းပန်း နှိပ်စက်လေ့ရှိကြသည် ။ ထို့ကြောင့် ဂျပန်တို့ ကို တော်လှန်ပုန်ကန်ရန် မျိုးချစ်ပုဂ္ဂိုလ်မှန်သမျှနှင့် ဗမာ့တပ်မတော်သားတိုင်းသည် အချိန်စောစီးစွာကပင် ဆွေးနွေးစီစဉ်ခဲ့ကြသည် ။ သို့သော် အချိန်အခါမရောက်သေးသောကြောင့် အကောင်အထည် မပေါ်ခဲ့ချေ။

၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် အသစ် ပြန်လည် ဖွဲ့စည်းခဲ့သော ဗမာ့ကာကွယ်ရေး တပ်မတော်တွင် ဗိုလ်ချုပ်အောင်ဆန်းအား ဗိုလ်ချုပ်ကြီးရာထူးဖြင့် စစ်သေနာပတိခန့်အပ်၍ ဗိုလ်မှူးအောင်၊ ဗိုလ်ဇေ

ယျှတို့ အား တပ်ရင်းများကို ဦးစီးစေလျက် တပ်ရင်းသုံးရင်း ဖွဲ့ခဲ့ရာ ဗိုလ်ဗထူးသည် ဗိုလ်ရန်နိုင်ဦးစီးသည့် ခြေလျင်တပ်ရင်း အမှတ်- ၂၊ တပ်ခွဲ - ၃ တွင် ဗိုလ်ကြီးရာထူးဖြင့် တပ်ခွဲမှူး၏ တာဝန်ကို ပေးအပ်ခြင်းခံရသည် ။

အသစ်ဖွဲ့စည်းလိုက်သော ဗမာ့ကာကွယ်ရေး တပ်မတော်အား ဂျပန်များက စစ်ပညာသင်ကြားပေးရာ မြန်မာ့တပ်သားများ သည် ဂျပန်ဆရာများ ၏ ပါးရိုက်နားရိုက် ညှဉ်းပန်းမှုကို ခံကာ ပင်ပန်းကြီးစွာ စစ်ပညာကို သင်ကြားကြရာ ဗိုလ်ဗထူးက သူ့တပ်သားများ ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးကာ ဖွဲ့နှင့် သည်းခံနိုင်မှုကို ကြီးထွားစေခဲ့သည် ။

၁၉၄၃ ခုနှစ် နှစ်လယ်ခန့်တွင် ဗမာ့တပ်မတော်ကို တိုးချဲ့ခဲ့ရာ စက်မှုလက်မှုတပ်ရင်း-၁ ကို ပျဉ်းမနားမြို့တွင် ဖွဲ့စည်းခဲ့ရာတွင် ဗိုလ်ဗထူးအား ဖွဲ့သတ္တိ၊ ဉာဏ်ရည်ဉာဏ်သွေးနှင့် စစ်မှုရေးရာ ထက်မြက်မှုကြောင့် ဗိုလ်ကြီးရာထူးမှ ဗိုလ်မှူးရာထူး အဆင့်သို့ တိုးမြှင့်ပေးလိုက်ကာ စက်မှုလက်မှု တပ်ရင်းမှူး အဖြစ် တာဝန်ပေး လိုက်လေသည် ။ ထိုအချိန်တွင် ဗိုလ်မှူးဗထူး၏ အသက်မှာ ၂၇ နှစ်သာရှိသေးသည် ။

စက်မှုလက်မှုတပ်ရင်း-၁ သည် အင်းတော်ဒေသမှ နေပြီး ထူထပ်လှသော တောတောင်အထပ်ထပ်ကို ဖြတ်ကျော်ကာ စစ်လမ်းဖောက်လုပ်ရာတွင် တပ်မတော် တပ်ရင်းတို့ နှင့် တွဲဖက် တာဝန်ထမ်းဆောင်ရသည် ။ သူတို့ တပ်ရင်းတွင် ဂျပန် အရာခံ ဗိုလ်ကာဝါဆာကီး၊ တပ်ကြပ်ယိုရှိမာနှင့် အခြားတစ်ယောက်တို့ ကို ဂျပန်အကြံပေးအရာရှိအဖြစ် တွဲဖက်ထားသည် ။ ဂျပန်တို့ သည် ဗမာ့တပ်ရင်းများ တွင် တစ်နည်းတစ်လမ်းထိန်းချုပ်ထားသည့် သဘောဖြင့် အကြံပေးအရာရှိများ တွဲဖတ်ထားပုံရသည် ။ ထိုအချိန်လောက်မှာ ပင် ဂျပန်နှင့် ဗမာ့တပ်မတော်သားများ သ

ည် ကြိုးကြားကြိုးကြား အဆင်မပြေမှုများ ၊ ပဋိပက္ခကလေးများ စဖြစ်လျှက်ရှိသည် ။ ဗိုလ်ဗထူး၏ မဟုတ်မခံသော စိတ်ဓာတ်သည် ထိုစဉ်ကပင် ဂျပန်အသိုင်းအဝန်းတွင် နာမည်ကြီးလျှက်ရှိရာ ဗထူးကို နှိပ်ထားလိုက်လျှင် တပ်ရင်းတစ်ခုလုံး မီးသေသွားမည်ဟု ဂျပန်အရာရှိများက ယူဆထားကြရာ တစ်နေ့တွင် ဗိုလ်မှူးဗထူးထံသို့ ဂျပန်စစ်သားတစ်ယောက် ရောက်ရှိ လာပြီး အရာခံဗိုလ် ကာဝါဆာကီးက တိုင်ပင်စရာရှိ၍ ဗိုလ်မှူးဗထူးကို အခေါ်ခိုင်းလိုက်ကြောင်း ပြောဆိုသည် ။ ထိုအချိန်တွင် ဗိုလ်မှူးဗထူးသည် အိပ်ရာမှ မထနိုင်အောင် ဖျားလျှက်ရှိသည် ။ ဒုတပ်ရင်းမှူးအေးငွေက ဗိုလ်မှူးဗထူးဖျားနေကြောင်း ပြန်ပြော၍ ဂျပန်စစ်သားလည်း ပြန်သွားလေသည် ။ မကြာမီ တပ်ကြပ် ယိုရှိမာ ရောက်လာပြီး ဒေါသတကြီးဖြင့် ဗိုလ်မှူးဗထူးအား ခေါ်ပြန်ရာ ဗိုလ်မှူးဗထူးသည် စောင်ခြုံကို လှန်လိုက်ပြီး ‘ငါဖျားနေတယ်၊ မလိုက်နိုင်ဘူးပြောလိုက်’ ဟု ဒေါသဖြင့် ပြန်အော်လိုက်ရာ ယိုရှိမာလည်း တရှူးရှူးလုပ်ကာ ပြန်သွားလေသည် ။ မကြာမီပင် အရာခံဗိုလ် ကာဝါဆာကီး ကိုယ်တိုင်ရောက်ရှိ လာပြီး ‘ ဟေ့.....ဗထူး၊ မင်း ငါခေါ်တာ ဘာဖြစ်လို့ မလာသလဲ၊ မင်းဟာမင်း ဖျားရုံမကလို့ သေချင်သေပေ့ါ၊ ငါခေါ်တာ လာရမယ်ကွ’ဟု ဒေါသသံဖြင့် တဲရှေ့မှ လှမ်း၍ အော်ငေါက်ကြိမ်းမောင်းလေရာ သူ့စကားမဆုံးမီ ဗိုလ်မှူးဗထူးသည် ခြုံထားသောစောင်ကို ဖြန်းခနဲ လှစ်လိုက်ကာ ဝုန်းခနဲထထိုင်လိုက်ပြီး အိမ်ရာခြေရင်းတွင် ချွတ်ထားသော စစ်ဖိနပ်တစ်ဖတ်ကို ဖျက်ခနဲဆွဲယူလိုက်ပြီး ဆဲဆဲဆိုဆို ကာဝါဆာကီး၏ ခေါင်းတည့်တည့်ကို စစ်ဖိနပ်ဖြင့် တစ်ဖက်ပြီးတစ်ဖက် ဆက်တိုက်ပေါက်လေတော့သည် ။ ဖြစ်ပျက်ပုံမှာ လျင်မြန်လွန်းသဖြင့် အနားမှ မည်သူမျှ ဝင်မတားနိုင်ကြပေ။ တကယ့် သတ္တိနှင့် လုပ်ရဲသော ဗိုလ်မှူးဗထူး၏ မဟုတ်မခံ စိတ်ဓါတ်ကို ကာဝါဆာကီးသည် လန့်သွားပုံပေါ်ကာ နောက်

ထပ် ဘာမျှမပြောတော့ဘဲ ' ဗထူး မကောင်းဘူးတကား'ဟု တတွတ်တွတ် ရေရွတ်ရင်း သူ့တို့ တဲဆီသို့ ပြန်သွားခဲ့လေသည်။



ဗိုလ်မှူးဗထူးသည် စက်မှုလက်မှု တပ်ရင်းဘဝတွင် ပျဉ်မနားစခန်း၌ပင် စစ်ပညာ ဆက်လက်သင်ကြားနေခဲ့ရာ သူ့အားအရေးတကြီး တာဝန်ထမ်းဆောင်ရန် ခြေလျင်တပ်ရင်း - ၃ နှင့်အတူ မြောက်ပိုင်းစစ်မြေပြင်သို့ စစ်ထွက်ခဲ့ရသည် ။

ထိုအချိန်တွင် ဖက်ဆစ်ဂျပန်တို့ သည် မြန်မာတစ်ပြည်လုံး ဆန္ဒပြင်းပြနေသော လွတ်လပ်ရေးကို ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ရက်နေ့တွင် ကမ္ဘာသိ ကြေညာပေးလိုက်သည် ။ သို့သော် အဆိုပါ လွတ်လပ်ရေးကား အတုအယောင် လွတ်လပ်ရေး သာဖြစ်သည် ။ ဖက်ဆစ်ဝါဒ အစုတ်ကို ထုတ်၍ ဖြေပြသကဲ့သို့ ဖြစ်သည် ။ စစ်မြေပြင်ရှိ တပ်များကလည်း စစ်ဌာနချုပ်နှင့်အဆက်အသွယ်ပြတ်၍ လွတ်လပ်ရေးပေးသည်ကို မသိရှိကြပေ။ ရက်စက်လှသော ဂျပန်တို့ သည် ယခုကဲ့သို့ အဆက်အသွယ်ပြတ်သောအချိန်တွင် ဗိုလ်မှူးဗထူးတပ်ရင်းနှင့် တပ်ရင်း-၃ကို နိုင်ထက်ကလူပြုကြလေတော့သည် ။ တာဝန်ချတားမှု၊ ရိက္ခာဖြန့်ဝေမှုတို့တွင် တရားမျှတမှုမရှိဘဲ မြန်မာတပ်သားများကို နှိမ်ချခဲ့သည် ။ ရွာသူရွာသားများကို မတရားအနိုင်ကျင့်ကာ ကျွဲ၊ နွား၊ ကြက်များကို မတရားဆွဲယူခဲ့ကြသည် ။ ဗိုလ်မှူးဗထူး၏ ရဲဘော်များမှာ လည်း စားနပ်ရိက္ခာ မလုံလောက်သဖြင့် ငတ်တစ်လှည့် ပြတ်တစ်လှည့်ဖြစ်ကာ မကျန်းမာသူများမှာ ဆေးဝါးမလုံလောက်မှုကြောင့် တချို့မသေသင့်ဘဲ သေဆုံးကြရသည် ။ တပ်စခန်း တစ်ခုမှ တစ်ခုသို့ ပြောင်းရွှေ့ရာတွင် လည်း ဂျပန်တပ်များ သည် ကား၊ လှည်း၊ လား၊ နွား၊ မြည်းယာဉ်တင်၊ အရပ်သူ အရပ်သားတို့ ဖြင့် ပြောင်းရွှေ့ရသော်လည်း ဗိုလ်မှူးဗထူး၏ တပ်ရင်း နှစ်ရင်းကိုကား ကိုယ့်တာဝန်ကိုယ်ယူ၍ ပြောင်းရွှေ့ကြရသည် ။ မိုးရေထဲ၌ အစားအစာအားပြတ်ကာ သူ့ရဲဘော်များ မကြာခဏ လဲကျကုန်ကြသည် ။

ထိုသို့ တရားမျှတမှု မရှိ၊ ပြင်းထန်သော အမိန့်ပေးမှုတို့ ကို ဗိုလ်မှူးဗထူးသည် လုံးဝ ကျေနပ်ခြင်း မရှိပေ။ မတရားသော ဂျပန်အမိန့်ကို နာခံလုပ်ကိုင်နေပါက သူ့ရဲဘော်များ စိတ်ဓာတ် ပျက်ပြားတော့မည်ကို စဉ်းစားမိကာ ဗိုလ်ချုပ်ဗထူးသည် စစ်မြေပြင်တွင် ဖက်ဆစ်ဂျပန်တို့ အားတော်လှန်ရန် စိတ်ဆုံးဖြတ် လိုက်လေတော့သည် ။

ဗိုလ်မှူးဗထူးသည် ရဲဘော်များကို ရင်ဝယ်သားပမာချစ်ခင်သူဖြစ်သည် ။ မကျန်းမာသော ရဲဘော်များကို ကိုယ်တိုင်ပြုစုသည် ။ ရဲဘော်တို့ ၏ အဖြစ်ကိုမြင်တိုင်း ဖက်ဆစ်ဂျပန်တို့ ကို အတိုက်အခံပြုလိုစိတ်က ပေါ်ပေါက်နေလေတော့သည် ။

တစ်နေ့တွင် ဗိုလ်မှူးဗထူးသည် တာဝန်ကျ အလုပ်ကို မဆင်းဘဲနေလေသည် ။ အကြီးအမှူးဖြစ်သူ ဂျပန်မေဂျာဂျင်နရယ်က သူ့အား အလုပ်ဆင်းရန်ပြောရာ ဗိုလ်မှူးဗထူးက သူနှင့် သူ့ရဲဘော်များ အလွန်ပင်ပန်း၍ အလုပ်မဆင်းနိုင်ကြောင်း၊ မည်သူ၏ အမိန့်ကိုမျှ မခံနိုင်ကြောင်း၊ ဗထူးအမိန့်ဖြင့် ဗထူး၏ စစ်သားများကို ဗထူးကြိုက်သည့်အလုပ်သာ ခိုင်းရလိမ့်မည်ဖြစ်ကြောင်းဖြင့် လမ်းမကျလျှင် မဟုတ်မခံပြောဆိုတတ်သည့် အလေ့အတိုင်း ရဲရင့်တည်ကြည်စွာ မာမာတင်းတင်းပြန်ပြောလိုက်ရာ ဂျပန် အကြီးအမှူးလည်း လက်လျှော့ကာ ပြန်သွားရလေသည် ။

ထိုသို့ လက်အောက်ငယ်သားများ အပေါ် ရင်ဝယ်သားနှင့် မခြား ချစ်ခင်ခြင်း၊ ရပ်ရွာနယ်ပယ်လူထုနှင့် ဆက်ဆံရာတွင် ကောင်းမွန်ခြင်းတို့ကြောင့် ဗိုလ်မှူးဗထူး၏ ဂုဏ်သတင်းမှာ မွှေးပျံ့နေလေသည် ။ ထိုသို့ဖြင့် မကြာမီ ဗိုလ်မှူးဗထူးသည် မန္တလေးသို့ တိုင်းမှူးအဖြစ် ရာထူးတိုးမြှင့်ပေးခြင်း ခံရလေသည် ။ အထက် ဗမာပြည်တိုင်း စစ်ဌာနချုပ်သည် မဟာမိတ်များ ဖြစ်ကြသော အင်္ဂလိပ်၊ အမေရိကန်တို့ နှင့် ဆက်သွယ်သွား

လာရာ ဌာနချုပ်ဖြစ်လေသည်။

မန္တလေးတိုင်းကဲ့သို့ ကျယ်ဝန်းသော စစ်နယ်မြေကို အမှန်အားဖြင့် စစ်သေနာပတိကိုယ်တိုင်သော်လည်းကောင်း၊ စစ်ဦးစီးချုပ်များမှ သော်လည်းကောင်း အုပ်ချုပ်စစ်ဆင်ရသော်လည်း ယခုကဲ့သို့ ဗိုလ်မှူးဗထူးအား တိုင်းမှူးအဖြစ် ခန့်ထားခြင်းမှာ သူ၏ အုပ်ချုပ်မှုစွမ်းရည်၊ ပေါင်းသင်းဆက်ဆံရေး ကောင်းမွန်မှု၊ အရည်အချင်း၊ စစ်ဆင်စစ်ငင်ရေး ကျွမ်းကျင်မှု၊ အကျင့်စာရိတ္တကောင်းမွန်မှု၊ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ပင်လျှင် မိမိ၏ ညာလက်ရုံးသဖွယ် အသုံးပြုနိုင်ရန်ရှိသူဟူ၍ ခန့်ထားခြင်းဖြစ်သည်။

ဗိုလ်မှူးဗထူး၏ ထူးခြားချက်မှာ မှန်သည် ဖြစ်ပါက မည်သူ့ကိုမျှ ကြောက်လန့်မှုမရှိခြင်းပင်ဖြစ်သည်။ တစ်နေ့တွင် ဗိုလ်မှူးဗထူးသည် အမရပူရမြို့ လူထုအစည်းအဝေးသို့အသွားတွင် ဂျပန် အရာရှိကားတစ်စီးက ကျော်တက်ရန် ဟွန်းသံပေး၍ သူ့ကားကို ဘေးဘက်သို့ ရှောင်ပေးလိုက်သော်လည်း လမ်းမှ ကျဉ်း၍ ဂျပန်၏ ကားမှာ ကျော်မရဖြစ်နေရာ ဂျပန်အရာရှိသည် ဆဲရေးတိုင်းထွာပြီး ဒေါသဖြင့် ဓားရိုးကိုင်ကာ ကားပေါ်မှာ ဆင်း လာပြီး သူ့ဓားကိုဆွဲထုတ်မလို လုပ်လိုက်သည်။ ထိုအခါတွင် ဗိုလ်မှူးဗထူးလည်း မိမိဓားကို အမြန်ဆွဲထုတ်၍ ဂျပန်အရာရှိ ခေါင်းကို လျင်မြန်စွာ ခုတ်ချ လိုက်လေသည်။

ဗိုလ်မှူးဗထူး၏ နေရာတွင် အခြားသူတစ်ဦးဆိုပါက အလွန်ပင် အမှုကြီးမားမည်ဖြစ်သော်လည်း ထိုအချိန်က ဂျပန်တို့ သည် ဗိုလ်မှူးဗထူးကို လေးစားကြသည် ကတစ်ကြောင်း၊ လမ်းမကျလျှင် ငံ့ခံသူမဟုတ်မှန်း သိထား၍ လည်းကောင်း အမှုမှာ ပြီးပြတ်ခဲ့သည်။

ဗိုလ်မှူးဗထူး တိုင်းမှူးမဖြစ်မီ မန္တလေးတိုင်းတစ်တိုင်းလုံး ဂျပန်တို့

၏ နှိပ်စက်ညှဉ်းပန်းမှုအမျိုးမျိုးကို ခံစားကြရသည် ။



ဘုရားကျောင်းကန်သို့ မသွားဝံ့ကြ။ ဈေးထွက်မရောင်းရဲကြ။ ဂျပန်

တို့ သည် အိမ်ထဲသို့ အတင်းဝင်ရောက်ကာ လိုချင်သည် ကို အဓမ္မယူငင်ကြသည် ။ ယောကျ်ားဆိုလျှင် ပါးရိုက်၊ ချွေးတပ်ဆွဲ၊ မိန်းမ ဆိုလျှင် လက်ဆွဲခံကြရသည် ။ ဘုန်းကြီးလည်း ဂရုမထား၊ စော်ကားကြ သည် ။ ဂျပန်ငွေစက္ကူများ ပိုမိုဖောင်းပွလာသဖြင့် တန်ဖိုးကျလာကာ ပြ ည်သူလူထုအခြေအနေမှာ ပိုမိုဆိုးရွားလာသည် ။ ဖက်ဆစ်ဂျပန်တို့ အား ပိုမိုမုန်းတီးရွံရှာလာကြသည် ။

ဗိုလ်မှူးဗထူး တိုင်းမှူးဖြစ်လာသည့်အခါမှ စ၍ ဂျပန်တို့ ၏ ရိုင်းစိုင်း သော အပြုအမူများ သည် တဖြည်းဖြည်း ကွယ်ပျောက် သွားလေတော့ သည် ။ ဗိုလ်မှူးဗထူးသည် မြို့စောင့်ဗိုလ်၊ မြို့စောင့် ရဲဘော်များ ထား ကာ မြို့သူမြို့သားများကို စောင့်ရှောက်ကာကွယ် ပေးထား၍ ဖက်ဆစ်ဂျပန်တို့ မှာ ယခင်ကကဲ့သို့ အတင့်မရဲကြတော့ပေ။ ထိုသို့ဖြင့် ဗိုလ်မှူးဗထူးသည် လူထုခေါင်းဆောင် အဖြစ် အလိုလိုဖြစ် လာလေသ ည် ။ ဗိုလ်မှူးဗထူးဆိုလျှင် မြို့လူထုကလည်း အဘက်ဘက်မှ ကူညီရန် အဆင်သင့်ဖြစ်နေလေသည် ။

ဖက်ဆစ်ဂျပန်တို့ သည် မြောက်ပိုင်းစစ်မြေပြင်တွင် အစစ အရာရာ ချို့ယွင်းမှုအလုံးစုံကြောင့် အင်္ဂလိပ်တို့ က စစ်ရေးသာ နေလေသည် ။ ဗ န်းမော်ကိုလည်း သိမ်းပိုက်ထားပြီးပြီဖြစ်သည် ။ မြစ်ကြီးနားမြို့တွင် လ ည်း အစိုးရဖွဲ့၍ အုပ်ချုပ်နေပြီဖြစ်သည် ။ တမူးသည် ကျဆုံးသွားပြီဖြစ် ၍ ဂျပန်တပ်များ သည် ကစဥ့်ကရဲ ဆုတ်ခွာနေရသည် ။ ထိုအချိန်တွင် မ န္တလေးစခန်းတွင် ရှိသော ဂျပန်အာဏာပိုင်တို့ သည် သူတို့ သည် မကြာ မီ မရှုမလှကျဆုံးတော့မည်ကို သိရှိထားကြ၍ မြန်မာ့သူရဲကောင်း ဗိုလ်မှူးဗထူးဦးစီးသော တပ်နှင့် သူတို့ တပ် ပူးပေါင်းတိုက်ခိုက်ပါက စ စ်နိုင်နိုင်သေးသည် ဟု ဆိုကာ သူတို့ နှင့် ပူးပေါင်းတိုက်ခိုက်ရန် ဗိုလ်မှူး ဗထူးအား တောင်းဆိုလေသည် ။ သို့သော် ဗိုလ်မှူးဗထူးသည် ဖက်ဆစ်

ဂျပန်တို့ အား ပါးနပ်လိမ္မာစွာ ရှောင်တိမ်းခဲ့လေသည် ။

ထိုကဲ့သို့ ဖက်ဆစ်ဂျပန်တို့ မှာ တဖြည်းဖြည်း စစ်ရေးရှုံးနိမ့်လာခဲ့ရာ နောက်ဆုံး အင်္ဂလိပ်တို့ သည် ကလေးဝမှ ရေဦးစစ်ကြောင်း၊ စစ်တကောင်းမှ ပင်လယ်ကမ်းရိုးတန်းအလိုက် စစ်တွေ စစ်ကြောင်း၊ ရွှေဘို၊ စစ်ကိုင်း အသီးသီးဖြင့် မြို့များကို ဆက်လက်သိမ်းပိုက် ချီတက်ခဲ့လေသည် ။

ယင်းအချိန်မကျမီကပင် တော်လှန်ရေးစိုင်းပြင်းခဲ့သော ဗိုလ်မှူးဗထူးသည် ယခုအခါ ဂျပန်တော်လှန်ရေး စီမံချက်ကို စတင်လေတော့သည် ။ သူသည် အင်္ဂလိပ်တို့ ၏ စစ်ရေးအခြေအနေ၊ စစ်ရိက္ခာသိုမှီးရာစခန်း၊ လက်နက်အင်အားတို့ ကို ထောက်လှမ်း သိရှိပြီးနောက် အထက်လူကြီးများ ထံသို့ ဂျပန်တို့ ကို တော်လှန်မည့်အကြောင်း သတင်းပေးပို့ရန် စီစဉ်လေသည် ။

ထိုအချိန်တွင် ဗိုလ်မှူးဗထူးထံ အမြောက်ကြီးတပ်၊ စက်အမြောက်တပ်များမှ အပ ခြေလျင်တပ်ရင်းအားလုံး ပဲခူးစခန်းသို့ ပြောင်းရွှေ့ရန် အမိန့်ကျ လာလေသည် ။ ဗိုလ်မှူးဗထူးသည် ပဲခူးစခန်းတွင် မိမိတပ်များကို စစ်ရေးလေ့ကျင့်ရင်းဖြင့်သာ အချိန်ကုန်စေကာ ဖက်ဆစ်ဂျပန်ကို အမြစ်ပါမကျန် သုတ်သင်ရန် အားခဲ ထားလေသည် ။ ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းအမှူးရှိသော တပ်မတော်အရာရှိများ ၊ ဖက်ဆစ်ကိုတော်လှန်လိုသော အစည်းအရုံးများ ၊ အသင်းအဖွဲ့များ ၏ ဆုံးဖြတ်ချက်အရ ဂျပန်ကို တော်လှန်ရန် သတ်မှတ်ဆုံးဖြတ်ခဲ့ကြလေသည် ။

၁၉၄၄ ခုနှစ်၊ ဩဂုတ်လအတွင်းတွင် ဖက်ဆစ်တိုက်ဖျက်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ ( ဖတပလ ) ကိုဖွဲ့ခြင်း၊ စစ်ရေး အရ မြန်မာတစ်နိုင်ငံလုံးကို စစ်တိုင်းကြီး ( ၈ ) တိုင်း ခွဲခြားခြင်း စသည့်ပြင်ဆင်မှုများ

ကို ပြုလုပ်ခဲ့သည်။ ထိုသို့ဖြင့် ဂျပန်အား တော်လှန်ရန် နယ်ခွဲခြား သတ်မှတ်ရာတွင် တိုင်းမှူး ဗိုလ်မှူးဗထူးသည် မိမိတော်လှန်ရန် စီစဉ်ထားရှိပြီးဖြစ်သော အထက်မြန်မာပြည်တိုင်းကိုပင် တာဝန်ခံခေါင်းဆောင်အဖြစ် ခန့်ထားခြင်းခံရလေသည်။

ထိုစဉ် တော်လှန်ရေး၏ ကျောရိုးမဏ္ဍိုင်သဖွယ် ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းဦးစီးသည့် မြန်မာ့တပ်မတော်သည် အခိုင်အမာ အတက်ကြွဆုံး အင်အားစုတစ်ရပ် ဖြစ်ခဲ့သည်။ မြန်မာ့တပ်မတော်၏ အင်အားမှာ ခြေလျင်တပ်ရင်း ၇ တပ်၊ စက်အမြောက်တပ်၊ လေယာဉ်ပစ်အမြောက်ကြီးတပ်၊ သယ်ယူ ပို့ဆောင်ရေး မော်တော်ယာဉ်တပ်၊ ရိက္ခာထောက်ပံ့ရေးတပ်၊ စစ်ဝန်ကြီးရုံးကင်းတပ်၊ စစ်ဝန်ကြီးနှင့် စစ်သေနာပတိ ကိုယ်ရံတော်တပ် စသည် တို့ ဖြစ်ကြပြီး အင်အားခန့်မှန်းခြေမှာ စုစုပေါင်း ၁၅၀၀၀ ခန့်ရှိသည်။ ထို့ပြင် တပ်မတော်၏ လက်အောက်ခံ ဒေသဆိုင်ရာ ပြောက်ကျားတပ်ဖွဲ့များ လည်း ရှိသေးရာ ယင်း ပြောက်ကျားတပ်ဖွဲ့များကို လက်ရွေးစင်တပ်ဖွဲ့များ အဖြစ် ရခိုင်တိုင်း၊ မြစ်ဝကျွန်းပေါ်နှင့် သရက်ခရိုင်တို့ တွင် ဖွဲ့စည်းပေးထားသည်။ ၎င်းပြောက်ကျားတပ်ဖွဲ့၏ အင်အားမှာ ၈၀၀၀ ခန့်ရှိလေသည်။

ထိုအချိန်တွင် အင်္ဂလိပ်တို့ ၏ အမှတ်- ၁၅ တပ်မကြီးသည် တောင်ကုတ်စစ်ကြောင်းကို သိမ်းပိုက်ရန်လည်းကောင်း၊ အမှတ်- ၃၃ တပ်မကြီးသည် ရွှေဘိုမှ စစ်ကြောင်းနှစ်သွယ်ဖြန့်၍ မန္တလေးနှင့် မေမြို့စစ်ကြောင်းများ သို့လည်းကောင်း၊ အမှတ် - ၄ တပ်မကြီးသည် ဧရာဝတီမြစ်ကိုဖြတ်ကူး၍ မိတ္ထီလာကားလမ်းကို သိမ်းပိုက်ရန် လည်းကောင်း ချီတက်လာသည်။ တစ်တိုင်း တစ်ပြည်လုံးတွင် တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း တော်လှန်ကြရန် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းမှူးများ အစည်းအဝေးက ဆုံးဖြတ်သတ်မှတ်လိုက်သည့် "တော်လှန်ရေးနေ့" မှာ

ယခင်က ဆိုခဲ့ပြီးသည့်အတိုင်း ဧပြီလ ၂ ရက်နေ့ ဖြစ်သော်လည်း မတ်လ ၇ ရက်၊ ၈ ရက်နေ့လောက်မှ ပင် ကလေးဝ၊ ရေဦး၊ ရွှေဘို တို့ ဘက်မှ တိုက်ခိုက်ချီတက်လာကြသော အင်္ဂလိပ်တပ်များ သည် မတ္တရာအနီးသို့ ရောက်ရှိနေပြီဖြစ်ရာ တော်လှန်ရန် သတ်မှတ် ထားသည့် ဧပြီလ ၂ ရက်နေ့အထိ ဆိုင်းငံ့နေရသော် ဗိုလ်မှူးဗထူး၏ တပ်များ သည် ဂျပန်များ၏ ဝိုင်းညှပ်ခံရမည်သာမက နားလည်မှုရယူထားပြီးသားဖြစ်သော မဟာမိတ်တို့ က အထင်လွဲ၊ အမြင်လွဲ ဖြစ်လာသည် ကိုလည်း စိုးရိမ်မိသောကြောင့် ဗိုလ်မှူးဗထူးသည် ဗိုလ်ချုပ်အောင်ဆန်းထံသို့ အခြေအနေကို အစီရင်ခံလိုက်ပြီးနားလည်မှုဖြင့် မတ်လ ၈ ရက်နေ့နံနက် ၁၀ နာရီခန့် အချိန်တွင် တိုင်းမှူး ဗိုလ်မှူးဗထူး၏ အမိန့်အရ မန္တလေး၊ စစ်ကိုင်း၊ မြစ်ငယ်ရှိ တပ်များ သည် ဂျပန်တပ်များကို ဖြတ်ကျော် ဖောက်ထွက်ကာ တော်လှန်ရေးကို စတင် လိုက်လေတော့သည်။

*